## ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ ကိုယ်ပိုင်ကျောင်းလျှောက်လွှာသတ်မှတ်ပုံစံကို ပြည်နယ်ပညာရေးမှူးရုံးတွင် ရယူ၍ အောက်ပါ အချက်အလက်များ ပြည့်စုံစွာဖြင့် တင်ပြလျှောက်ထားရပါမည်-

(က) ကိုယ်ပိုင်ကျောင်းလျှောက်လွှာ

(ခ) ကိုယ်ပိုင်ကျောင်းဖွင့်လှစ်မည့် ကျောင်းမြေပိုင်ဆိုင်မှုအထောက်အထား

(ဂ) ကျောင်းတည်နေရာပြပုံ

(ဃ) ကျောင်းစနစ်ပုံ(Lay Out Plan)

(င) ကျောင်းဆောင်တစ်ဆောင်ချင်းစီ၏ဓါတ်ပုံများ

(စ) ဘော်ဒါဆောင်ထားရှိပါက ကျား/မ အိပ်ဆောင်၊ ထမင်းစားဆောင်၊ စာသင်ဆောင်၊ ဘုရားခန်း၊ ကျား/မ ရေချိုးခန်း၊ ကျား/မ သန့်စင်ခန်းစသည် တစ်ခုချင်းစီ၏ဓါတ်ပုံများ

(ဆ) စာကြည့်တိုက်၊ကစားကွင်း၊ ကစားရုံ၊ စက်ဘီးရုံ၊ မုန့်ဈေးတန်းရုံစသည်တို့၏ဓါတ်ပုံများ

(ဇ) အခြေခံပညာအဆင့်အလိုက် ရက်သတ္တပတ်စာသင်ချိန်(အချိန်ဇယား)

(ဈ) ကျောင်းအုပ်ချုပ်မှုအဖွဲ့ဝင်များစာရင်း(အဖွဲ့ဖြင့်တည်ထောင်ဖွင့်လှစ်လိုပါက)

(ည) ကျောင်းအုပ်ချုပ်မှုအဖွဲ့ဝင်တစ်ဦးချင်းအလိုက်ဖြည့်စွက်ရမည့်ကိုယ်ရေးအချက်အလက်ပုံစံ(အဖွဲ့ဖြင့်တည်ထောင်ဖွင့်လှစ်လိုပါက)

(ဋ) ကြီးကြပ်အုပ်ချုပ်သူ၏ကိုယ်ရေးအချက်အလက်နှင့်ဝန်ခံကတိပြုချက် (နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆေးထောက်ခံချက်၊ ဘွဲ့လက်မှတ်မိတ္တူ)

(ဌ) တည်ထောင်ဖွင့်လှစ်သူ၏ကိုယ်ရေးအချက်အလက်ပုံစံနှင့်ဝန်ခံကတိပြုချက်

(ဍ) တည်ထောင်ဖွင့်လှစ်သူ၏ ဓါတ်ပုံအပို(၂)ပုံ (ပူးတွဲပေးရန်)

(ဎ) ကျောင်းအုပ်ချုပ်မှုအဖွဲ့ဝင်များ၏ဝန်ခံကတိပြုချက်

(ဏ) သင်ကြားမည့်ကိုယ်ပိုင်ကျောင်းဆရာများ၏အမည်စာရင်း

(တ) ထပ်ဆောင်းဘာသာရပ်နှင့် ထပ်ဆောင်းသင်ခန်းစာများ သင်ကြားလိုပါက သက်ဆိုင်ရာ သင်ခန်းစာများနှင့် သင်ချိန်နာရီ သတ်မှတ်ချက်များကိုပါ ပူးတွဲတင်ပြရန်၊ အထက်ပါအချက်အလက်များကို စုစည်းပြီး အမှုတွဲစာအုပ်ချုပ်၍ တင်ပြချက်စာအုပ်(၅)အုပ်ကို ပြည်နယ်ပညာရေးမှူးရုံးသို့ နှစ်စဉ်နိုဝင်ဘာလအတွင်း တင်ပြရန်ဖြစ်သည်။

## ၂။ ပြည်နယ်ပညာရေးမှူးရုံးမှ စိစစ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

(က) ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူများကတင်ပြလာသည့်လျှောက်လွှာများကို ပြည်နယ်ပညာရေးမှူးရုံးက အောက်ပါအတိုင်းဆက်လက်ဆောင်ရွက်ပါသည်-

(၁) တင်ပြလာသည့် ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့် လျှောက်လွှာများတွင် ဖြည့်သွင်းထားသည့်အချက်များ၊ ပူးတွဲတင်ပြရမည့်ပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်း။

(၂) ပြည်နယ်ပညာရေးမှူးက ဖွဲ့စည်းပေးသည့်အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း။

(၃) ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ ပြည်နယ်ပညာရေးမှူး က သဘောထားမှတ်ချက်ဖော်ပြခြင်း။

(၄) ပြည်နယ်အစိုးရအဖွဲ့ သဘောထားမှတ်ချက်တင်ပြတောင်းခံခြင်း။

(၅) ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ကိုယ်ပိုင် ကျောင်း လျှောက်လွှာများကို အခြေခံပညာဦးစီးဌာနသို့ နှစ်စဉ် ဖေဖော်ဝါရီလ မကုန်မီ တင်ပြခြင်း။

၃။ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ခွင့်ရရှိပါက တည်ထောင်ဖွင့်လှစ်သူကဆောင်ရွက်ရန် အချက်များ–

(က) ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ခွင့်ပြုခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနက စိစစ်ခွင့်ပြုပါသည်။ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ခွင့်ရရှိသည့်အခါ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်လိုသူသည် ကိုယ်ပိုင် ကျောင်းမှတ်ပုံတင်ခွင့်ပြုသည့် အကြောင်းကြားစာရရှိလျှင် ရက်သတ္တပတ်နှစ်ပတ်အတွင်း ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ကြေးကို သတ်မှတ်ထားသောမြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းရမည်။ ကိုယ်ပိုင်ကျောင်းအတွက်မှတ်ပုံတင်ကြေးမှာ ငွေကျပ်ငါးသိန်းဖြစ်ပါသည်။

(ခ ) အခြေခံပညာအဆင့်၊အတန်းနှင့် ဘာသာရပ်အလိုက် သင်ကြားမည့်ကိုယ်ပိုင်ကျောင်း ဆရာများ၏အမည်စာရင်းကို "ကိုယ်ပိုင်ကျောင်းတွင် သင်ကြားမည့်ကိုယ်ပိုင်ကျောင်း ဆရာများအမည်စာရင်းကို သတ်မှတ်ပုံစံ" ဖြင့်ပြုစု၍ရက်သတ္တပတ်နှစ်ပတ်အတွင်း ပညာရေးအရာရှိ (ပြည်နယ်ပညာရေးမှူး)ထံ တင်ပြရမည်။

(ဂ ) အခြေခံပညာအဆင့်၊အတန်း၊ ဘာသာရပ်အလိုက်လိုအပ်သည့် သိပ္ပံပစ္စည်းနှင့် ဓါတ်ဆေးမီဒီယာအခန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများစုစည်း ပြီးသက်ဆိုင်ရာ ပစ္စည်းအမျိုးအစားအလိုက် အမျိုးအမည်နှင့် အရေအတွက်စာရင်းကို နှစ်လအတွင်း ပညာရေးအရာရှိ(ပြည်နယ်ပညာရေးမှူး)ထံ တင်ပြရမည်။

(ဃ) ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်သူသည် မိမိကိုယ်ပိုင်ကျောင်းရှိကိုယ်ပိုင်ကျောင်းဆရာအင်အား တိုးခြင်း၊လျော့ခြင်းအတွက် ကိုယ်ပိုင်ကျောင်းဆရာအတိုးအလျော့စာရင်းကို သတ်မှတ်ပုံစံတွင် ဖြည့်စွက်ပြုစု၍ ပညာရေးအရာရှိ ထံ

ရက်သတ္တပတ် နှစ်ပတ်အတွင်း ပညာရေးအရာရှိ (ပြည်နယ်ပညာရေးမှူး) ထံတင်ပြရမည်။

**၄။ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်သူသည် ကိုယ်ပိုင်ကျောင်း နှစ်စဉ်ကြေး ပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်–**

(က) ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် နှစ်စဉ်ကြေးကို သက်ဆိုင် ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းရမည်။

(ခ ) သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ငွေသွင်းချလံရရှိသည့်အခါ ကိုယ်ပိုင်းကျောင်းနှစ်စဉ်ကြေး ပေးသွင်းမှုသတ်မှတ်ပုံစံတွင် အချက်အလက်များဖြည့်စွက်၍ ငွေသွင်းချလံတစ်စောင်နှင့်အတူ ပညာရေးအရာရှိ (ပြည်နယ် ပညာရေးမှူး)ထံ တင်ပြရမည်။

(ဂ ) ကိုယ်ပိုင်ကျောင်း ဆက်လက်တည်ထောင် ဖွင့်လှစ်လိုပါက ခွင့်ပြုကာလ မကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ ဆက်လက်ဖွင့်လှစ်လိုသည့် ကာလ အတွက်နှစ်စဉ်ကြေး ပေးသွင်းရမည်။

ကိုယ်ပိုင်ကျောင်းအတွက်နှစ်စဉ်ကြေးမှာ ငွေကျပ်သုံးသိန်းဖြစ်သည်။

**၅။ ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်ရန်အတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ–**

(က) ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာ သတ်မှတ်ပုံစံလေးစောင်ကို ပြည်နယ်ပညာရေးမှူးရုံးမှထုတ်ယူ၍ လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းပြီးမိမိ၏ကိုယ်ရေးမှတ်တမ်း၊ နိုင်ငံရေးသား စိစစ်ရေးကတ်ပြား၊ ဘွဲ့၊ ဒီပလိုမာလက်မှတ် မိတ္တူများနှင့်အတူ ပြည်နယ် ပညာရေးမှူးရုံးသို့ တင်သွင်းရမည်။

(ခ ) ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ် မေးမြန်းရန် ပညာရေးအရာရှိကခေါ်ယူလျှင် ချိန်းဆိုသောနေ့ရက်နှင့် အချိန်

တိုင်းမပျက်မကွက် ကိုယ်တိုင်လာရောက်ရမည်။ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် မူရင်းများကို တစ်ပါတည်း ယူဆောင်လာရမည်။

(ဂ ) ကိုယ်ပိုင်ကျောင်းဆရာအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် အကြောင်းကြားစာ ရရှိပါက မှတ်ပုံတင်ကြေးကို သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပေးသွင်းပြီး ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်ကြေးပေးသွင်းမှု သတ်မှတ်ပုံစံ တွင် အချက်အလက်များဖြည့်သွင်းပြီး ငွေသွင်းချလံတစ်စောင်နှင့်အတူ ပညာရေးအရာရှိထံတင်ပြရမည်။ ကိုယ်ပိုင်ကျောင်းဆရာအတွက် မှတ်ပုံတင် ကြေးမှာ ငွေကျပ်ငါးသောင်းဖြစ်သည်။

**၆။ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-**

(က) ပညာရေးဘွဲ့ကိုသော်လည်းကောင်း၊ သင်ကြားသည့်ဘာသာရေးနှင့် ကိုက်ညီ သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်ဘွဲ့ သို့မဟုတ် မဟာဘွဲ့ သို့မဟုတ်မဟာဘွဲ့ အထက်ကို သော်လည်းကောင်းရရှိပါက အထက်တန်း အဆင့်အတွက် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ် လျှောက်ထား နိုင်သည်။

(ခ ) ပညာရေးဘွဲ့ကိုသော်လည်းကောင်း၊ သင်ကြားမည့်ဘာသာရပ်နှင့် ကိုက်ညီ သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်ဘွဲ့အပြင် သင်ကြားမည့်အဆင့် နှင့်ကိုက်ညီသော ဆရာအတတ်ပညာဒီပလိုမာ (သို့မဟုတ်) ဆရာအတတ်သင် ပညာရေးလက်မှတ် (သို့မဟုတ်) ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်း လက်မှတ်ကိုသော်လည်းကောင်း ရရှိပါက မူလတန်းအဆင့် (သို့မဟုတ်) အလယ်တန်းအဆင့်အတွက် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည်။

(ဂ ) ဘွဲ့တစ်ခုခုရရှိပြီးတက္ကသိုလ်၊ ကောလိပ်(သို့မဟုတ်) အခြေခံပညာကျောင်းတွင် ဆရာအဖြစ် ဖြစ်စေ၊ နိုင်ငံတော်မှခွင့်ပြုထားသည့် ဘာသာပြဆရာအဖြစ်ဖြစ်စေ ဆောင်ရွက်ခဲ့ပြီး၊ ဘာသာရပ်ဆိုင်ရာသင်ကြားမှု အတွေ့အကြုံအနည်းဆုံး(၅)နှစ် ရှိသူဖြစ်ပါက သက်ဆိုင်ရာ အခြေခံပညာအဆင့်အတွက် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည်။

(ဃ) တွဲဖက်သင်ရိုးဝင်ဘာသာရပ်ဆိုင်ရာ ဘာသာဘွဲ့ (သို့မဟုတ်) ဒီပလိုမာ (သို့မဟုတ်) သင်တန်းဆင်း လက်မှတ်ရရှိသူဖြစ်ပါက မူလတန်းအဆင့် (သို့မဟုတ်) အလယ်တန်း အဆင့်အတွက် အဆိုပါဘာသာရပ်ဆိုင်ရပ်ဖြင့် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင် လက်မှတ်လျှောက်ထားနိုင်သည်။

(င ) ကြီးကြပ်အုပ်ချုပ်သူ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုပါက ကိုယ်ပိုင် ကျောင်း ဆရာမှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည်။

**၇။ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်ပိုင်ကျောင်းဆရာနှစ်စဉ်ကြေး ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်–**

(က) ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် နှစ်စဉ်ကြေးကို သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းရမည်။

(ခ ) သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ငွေသွင်းချလံရရှိသည့်အခါ ကိုယ်ပိုင်ကျောင်းဆရာ နှစ်စဉ်ကြေးပေးသွင်းပုံစံတွင် အချက်အလက်များ ဖြည့်စွက်၍ ငွေသွင်းချလံတစ်စောင်နှင့်အတူ ပညာရေးအရာရှိထံ တင်ပြရမည်။

(ဂ ) ကိုယ်ပိုင်ကျောင်းဆရာအဖြစ် ဆက်လက်လုပ်ကိုင်လိုပါက ခွင့်ပြုကာလ မကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ ဆက်လက်လုပ်ကိုင်လိုသည့် ကာလ အတွက် နှစ်စဉ်ကြေးပေးသွင်းရမည်။ ကိုယ်ပိုင်ကျောင်းဆရာအတွက် နှစ်စဉ် ကြေးမှာ ငွေကျပ်သိုးသောင်းကျပ်ဖြစ်သည်။

**၈။ ကိုယ်ပိုင်ကျောင်းများကိုကြီးကြပ်စစ်ဆေးခြင်း**

တည်ထောင်ဖွင့်လှစ်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းများအား တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ စီမံကိန်းများကြီးကြပ်အကဲဖြတ်အဖွဲ့များက အခြေခံပညာကျောင်းများနည်း တူ ပုံမှန်ကြီးကြပ် စစ်ဆေးသွားပါမည်။